# လူထုကိုခေါင်းဆောင်မယ့်သူတွေဟာလူထုကိုနားလည်ရမယ်

တလောကရေဒီယိုအင်တာဗျူးတခုမှာ အဖွဲ့အစည်းတခုက တာဝန်ရှိသူတဦးကို သူတို့မှာ ဘာအစီအစဉ်တွေရှိသလဲလို့ မေးတော့သူက သူတို့ရဲ့အစီအစဉ်တွေကိုပြောပါတယ်။ ဒီနောက်– မေးတဲ့သူက အဲဒီအစီအစဉ်တွေအောင်မြင်မယ်လို့ ယူဆပါသလားလို့ထပ်မေးတော့ အဲဒီတာဝန်ရှိသူက ဒါကတော့လူထုအပေါ်တည်တာပဲ၊ လူထုကိုစောင့်ကြည့်ရမှာပဲလို့ ဖြေတာကြားလိုက်ရပါတယ်။

သူပြောပုံက သူ့ဖက်ကတော့တာဝန်ကျေပြီ။ အဲဒီအတိုင်းလူထုကလိုက်လုပ်ရင် အောင်မြင်မှာပဲ၊ မအောင်မြင်ရင်လူထုရဲ့တာဝန်ဖြစ်တယ် ဆိုတဲ့အဓိပ္ပာယ်ပါ။ နားထောင်ရင်းတုန်လှုပ်သွားမိပါတယ်။ လုပ်ငန်းစဉ်တခု၊ လမ်းစဉ်တရပ်ကို လူထုကလိုက်နာအကောင်အထည်ဖော်တာမလုပ်ရင် ဒါဟာလူထုရဲ့တာဝန်ပဲလို့ သုံးသပ်တာမျိုးကိုအရင် သခင်စိုးပစပ်ကပဲကြားဖူးပါတယ်။ အခုနှစ်ပေါင်း ၆၀ကျော်ကြာပြီးတဲ့နောက်မှာ သခင်စိုးနဲ့ဘာမှမဆိုင်တဲ့ လူတဦးပစပ်ဆီကကြားရပြန်ပါတယ်။ ပြောတဲ့လေသံချင်းတော့မတူဘူးလို့ပြောနိုင်ပါတယ်။ ဒါပေမဲ့အဓိပ္ပာယ်ကအတူတူပါပဲ။ တနည်းပြောရရင် ကိုယ်ချမှတ်တဲ့လုပ်ငန်းစဉ်မှန်မမှန်ဆိုတာ အရေးမကြီး၊ လိုက်လုပ်တဲ့ လူမှာ စွမ်းရည်ရှိမရှိကအရေးကြီးတယ်လို့ဆိုတာပါဖြစ်ပါတယ်။

ဒါ့အပြင် ဒီတလောမှာ စက်တင်ဘာ့သံဃာ့အရေးအခင်းပြီးတဲ့နောက်ပိုင်း အတော်ကြာကြာမကြားရတဲ့ "ဗမာပြည်ကလူထုတွေဟာ ကြောက်နေကြတယ်"ဆိုတဲ့စကားလည်း အတော်လေးပြန်ကြားလာရပါတယ်။ တချို့များဆိုရင် အနောက်နိုင်ငံသားတွေပြောတဲ့လေကိုလိုက်ပြီး ဗမာပြည်ကလူထုမို့ပေါ့၊ တခြားနိုင်ငံကလူထုသာဆိုလို့ကတော့ ဒီလိုဖိနှိပ်နေရင် ပေါက်ကွဲထွက်တာကြာလှပြီဆိုတဲ့ စကားမျိုးတွေတောင်ပြောကြပါတယ်။ ဒီလိုအပြောတွေနဲ့ပြောင်းပြန်၊ ပြည်တွင်းကအသံတချို့ကတော့ လူတွေဟာသေမထူး၊ နေမထူးဖြစ်နေပြီ၊ ဘာမှမကြောက်တော့ဘူး၊ ခေါင်းဆောင်မှုမရှိလို့ လို့ပြောတာကြားရပါတယ်။

အရေးတော်ပုံတရပ်၊ တော်လှန်ရေးတရပ် အခက်အခဲနဲ့ရင်ဆိုင်လာရပြီဆိုရင် ဟိုလူ့အပြစ်တင်၊ ဒီလူ့အပြစ်တင်လုပ်ကြတာမဆန်းဘူးလို့တောင်ပြောနိုင်ပါတယ်။ ဘာမှမဝေဖန်လိုပါဘူး။ ဒါပေမဲ့ ပြည်သူလူထုကိုအပြစ်တင်တာကျတော့ မဝေဖန်လို့မဖြစ်ပါဘူး။ ကိုယ်က ကျည်ဆံမပြောနဲ့ဒိုးပုံနဲ့လှမ်းပစ်တောင် မထိနိုင်တဲ့နေရာမှာနေပြီး ဟိုမှာသေနတ်ပြောင်းထိပ်နေရသူတွေကို ကြောက်တယ်လို့ပြောတာဟာ မတရားလွန်းရာကျပါတယ်။ သေစရာရှိတော့ လူထုကသေရတာပါ။

ခေါင်းဆောင်မှုအတတ်ပညာမှာအရေးကြီးဆုံးက လူထုအခြေအနေကိုနားလည်တာနဲ့ လူထုလက်ခံနိုင်တဲ့၊ လူထုလိုက်အကောင်အထည်ဖော်မယ့် လုပ်ငန်းစဉ်တရပ်ချမှတ်ဖို့ဖြစ်ပါတယ်။ လူထုကအကောင်အထည်မဖော်ရင် ဘာမှဖြစ်မလာပါဘူး။ အဝေးကနေ ကွန်ပြူတာတခု၊ အသံလွှင့်ချက်တခုနဲ့ လူထုလှုပ်ရှားမှုကြီးကို ထိန်းချုပ်တယ်ဆိုတာ ရုပ်ရှင်ထဲမှာပဲဖြစ်နိုင်ပါတယ်။ လူထုထဲမှာဆင်း၊ လူထုနဲ့အတူတိုက်ပွဲဝင်ရပါတမယ်။ ကိုယ်တိုင်မသွားနိုင်ရင် သွားနိုင်တဲ့လူတွေဆင်း၊ အမြုတေအင်အားအဖြစ်မြုပ်နှံ၊ အချိန်တန်ရင်တိုက်ပွဲဖော် စသဖြင့်လုပ်ရပါတယ်။ မြေအောက်လုပ်ငန်းဆိုတာ ငွေရှိရင်ဖြစ်တာပဲဆိုတာမျိုးသဘောထားလို့မဖြစ်ပါ။ ငွေလိုအပ်ပါတယ်။ များလေကောင်းလေပါ။ ဒါပေမဲ့ ငွေနဲ့ဝယ်ရတဲ့မြေအောက်ကေဒါနဲ့တွဲလုပ်ဖို့ဆိုရင်တော့ လူတိုင်းအနည်းဆုံး နှစ်ခါစဉ်းစားကြမှာပါပဲ။

တချို့သော ခေါင်းဆောင်(လို့ကိုယ့်ကိုယ်ကိုထင်နေသူ)တွေဟာ ကိုယ့်ကိုယ်ကိုကယ်တင်ရှင်လို့ထင်နေကြပါတယ်။ ဒါဟာအဆိုးဆုံးပါပဲ။ ကိုယ့်ကိုယ်ကိုလူထုအထက်ကလို့ထင်တဲ့လူဟာ တကယ်သာနိုင်ငံ့ခေါင်းဆောင်ဖြစ်လာရင် လူထုရဲ့အထက်မှာနေမှာ၊ လူထုထက်ပိုပြီး အခွင့်ထူးတွေခံစားမှာသေချာပါတယ်။ ခေါင်းဆောင်ဟာလူထုထက် စာပိုဖတ်ထားတာ၊ အဆက်အသွယ်ပိုကောင်းတာအမှန်ပါပဲ။ ဒါပေမဲ့ ဒီလိုကြောင့်မို့လူထုကို အနုံအ–အတွေလို့ထင်ရင် မှားပါတယ်။ အရေးအကြီးဆုံးအချက်က အရာကိစ္စတွေ၊ အထူးသဖြင့် အရေးတော်ပုံတွေ၊ တော်လှန်ရေးတွေရဲ့အနိုင်အရှုံးကို လူထုကြီးကအဆုံးအဖြတ်ပေးတာဖြစ်တယ်ဆိုတဲ့အချက်ကိုမမေ့ဖို့ပါပဲ။ လူထုမပါရင်ဘာမှဖြစ်မလာပါဘူး။ အောင်ပွဲဆိုတာကတော့ အိပ်မက်တောင်မမက်နိုင်ပါဘူး။ ဒါကြောင့်မို့အောင်ပွဲကို ပြည်ပအကူအညီက ယူလာပေးမယ်လို့ယူဆမျှော်လင့်ပြီး ကိုယ့်နိုင်ငံကလူထုကိုတော့ စမ်းသပ်ခန်းထဲကယုန်လို၊ ပူးလိုသဘောထား လုပ်ကိုင်နေတာတွေကို ရပ်တန်းကရပ်သင့်ပါတယ်။ နောင်မှာရှင်းရခက်တဲ့ ပြဿနာတွေသယ်လာတဲ့လူအဖြစ်ကိုယ်ဟာသမိုင်း တရားခံတောင်ဖြစ်သွားနိုင်ပါတယ်။

လူထုနဲ့ကေဒါ၊ လူထုနဲ့ခေါင်းဆောင်တို့အကြားမတူတာတွေကိုလည်း သဘောပေါက်ရပါမယ်။ လူထုဟာနိုင်ငံရေးလုပ်ငန်းတခုတည်းကိုသာ အဓိကလုပ်နေတဲ့လူတွေမဟုတ်ဘူးဆိုတာ မမေ့သင့်ပါဘူး။ သူတို့အနေနဲ့စားဝတ်နေရေးအတွက် လုံးပမ်းရသလိုကျောင်းသား ဆိုရင်လည်း ပညာရေးအတွက်လုံးပမ်းရ စသဖြင့်အဓိကလုပ်နေတဲ့လုပ်ငန်းတွေ ကိုယ်စီရှိကြပါတယ်။ ကေဒါ၊ နိုင်ငံရေးသမား၊ နိုင်ငံရေး ခေါင်းဆောင်ဆိုတာကတော့နိုင်ငံရေးလုပ်ငန်းကို အဓိကထားလုပ်နေသူတွေဖြစ်ပါတယ်။ သူတို့ဟာသူများထက် နိုင်ငံရေးအသိလည်း ပိုမြင့်တယ်လို့ ယူဆထားရတဲ့လူတွေဖြစ်ပါတယ်။ ဒီတော့လူထုကို ကေဒါ၊ နိုင်ငံရေးသမား၊

နိုင်ငံရေးခေါင်းဆောင်တို့လို အချိန်မရွေး ထ’တိုက်နိုင်ရမယ်ဖို့ မမျှော်လင့်သင့်ပါဘူး။ ခေါင်းဆောင်ရဲ့တာဝန်ဟာ လူထုရဲ့ အခြေအနေကိုသိရှိပြီး လူထုလိုက်ပါနိုင်မယ့်အချိန်၊ အဆင့်၊ တိုက်ပွဲသဏ္ဍာန်တို့ကိုရွေးချယ်ဖို့ဖြစ်ပါတယ်။

ခေါင်းဆောင်ဟာ လူထုကိုဆရာလုပ်ဖို့မဟုတ်ပါ။ ကိုယ်ကလူထုထက်ပိုသိတာ၊ ပိုတတ်တာတွေရှိနိုင်ပါတယ်။ ဒါပေမဲ့လူထုမှာလည်း ကိုယ့်ထက်သိတာ၊ တတ်တာတွေရှိနိုင်တယ်ဆိုတာမမေ့သင့်ပါ။ ကိုယ့်ကိုသူတို့ကသိဖို့ထက် ကိုယ်ကသူတို့ကိုသိဖို့က ပိုအရေးကြီးတယ်၊ ပိုလိုအပ်တယ်ဆိုတာလည်း သတိထားသင့်ပါတယ်။ သူတို့ကိုဆရာမလုပ်ခင် သူတို့ဆီမှာတပည့်ခံသင့်ပါတယ်။ သူတို့ကိုယ့်ကိုယုံဖို့ဟာ အင်မတန်မှအခရာကျပါတယ်။ ဘယ်သူမှကိုယ်မယုံတဲ့လူရဲ့ ညွှန်ကြားချက်ကိုလက်မခံပါဘူး။

နောက်ပြဿနာတခုက ခေါင်းဆောင်မှု (ခေါင်းဆောင်ကိုယ်တိုင်လို့မဆိုတာသတိပြုပါ)ဟာ ခေါင်းဆောင်ရမယ့်အချိန်မှာ ခေါင်းဆောင်ရမယ့်နေရာကို သင့်တော်တဲ့သဏ္ဍာန်နဲ့ ရောက်ရှိနေဖို့ဖြစ်ပါတယ်။ ခေါင်းဆောင်မှုဟာ နည်းသဏ္ဍာန်မျိုးစုံနဲ့ လူထုဆီကိုရောက်ပါတယ်။ ကိုယ်တိုင်လည်းဖြစ်ချင်ဖြစ်မယ်၊ ကိုယ်ကတာဝန်ပေးထားသူလည်းဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ်တခြားနည်းနာတွေနဲ့လည်းဖြစ်ချင်ဖြစ်မယ်၊ လူထုလိုအပ်နေတဲ့အချိန်မှာ ဘာတွေကို ဘယ်လိုလုပ်ရမယ်ဆိုတဲ့ ညွှန်ကြားချက်နဲ့စိတ်ဓာတ် အချိန်မှီရောက်သွားဖို့အရေးကြီးပါတယ်။ ပြီးခဲ့တဲ့သံဃာ့အရေးအခင်းကြီးတုန်းက စက်တင်ဘာလ ၂၉ရက်နေ့မှာ အရေအတွက်ထောင်ပေါင်းများစွာရှိတဲ့လူထုကြီးဟာ ဒီအရင်နေ့တွေတုန်းကလိုပဲ သံဃာတော်တွေထွက်လာမယ်ထင်လို့ ဆူးလေဘုရားလမ်း၊ ပန်းဆိုးတန်းလမ်းတို့မှာ စုဝေးရောက်ရှိနေကြပါတယ်။ ဒါပေမဲ့ အခြေအနေက အဲဒီအရင်တညကပဲ သံဃာတော်တွေကိုကျောင်းတွေပိတ်ပြီး ရိုက်နှက်ဖမ်းဆီးခဲ့လို့ သူတို့ဟာဆန္ဒပြထွက်မလာနိုင်တော့ပါဘူး။ နေ့ခင်း၁နာရီ၊ ၂နာရီလောက်ကျတော့ စောင့်ဆိုင်းနေတဲ့ လူထုကြီးဟာ သောင်းဂဏန်းဖြစ်သွားပါပြီ။ တကယ်လို့သာ အဲဒီတုန်းက ခေါင်းဆောင်မှုပေါ်လာခဲ့ရင်၊ အနည်းဆုံးလူ ၄–၅ယောက်ကနေ သံဃာတော်တွေတော့ ဘယ်လိုဖြစ်ကုန်ပြီ၊ လူတွေဆက် တိုက်ပွဲဝင်ကြစို့ဆိုတာမျိုး လှုံ့ဆော်ဦးဆောင်ခဲ့ရင် လူထုကြီးဟာ မုချနောက်က ပါလာမှာပါပဲ။ ဒါပေမဲ့အခုတော့ ဘယ်ခေါင်းဆောင်မှုမှ ပေါ်မလာလို့ လူထုကြီးဟာတက်တခေါက်ခေါက်နဲ့ ပြန်သွားခဲ့ကြပါတယ်။

ဒါကပြနေတာက ခေါင်းဆောင်မှုနဲ့လူထုဆက်စပ်မှုပြဿနာကို သေချာလေးလေးနက်နက်လေ့လာ ဖြေရှင်းရမယ်ဆိုတာပါပဲ။ ဒီတာဝန်ကိုခေါင်းဆောင်မှုဖက်က ထမ်းဆောင်ရမှာပါ။ စားဝတ်နေရေးနဲ့လုံးချာလိုက်နေတဲ့ လူထုကဒါတွေကိုလေ့လာဖို့၊ ဖြေရှင်းဖို့ အချိန်လည်းမရှိ၊ တခြားအချက်အလက်တွေလည်းမရှိပါဘူး။ ဒါတွေကိုမဖြေရှင်းပဲ လူထုကိုပဲမေးငေါ့အပြစ်တင်နေလို့ကတော့ နီရိုဘုရင်ရဲ့လုပ်ရပ်နဲ့ ကွာလှမှာမဟုတ်ပါဘူး။

**ရဲဘော်ဖိုးသံချောင်း**